# တောင်ငူခေတ် ရတုစာဆိုများနှင့် ရတုကဗျာအခန်းကဏ္ဍ

ခင်စန်းဝင့် [၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် တောင်ငူခေတ်ရတုစာဆိုများနှင့် ရတုစာပေအခန်းကဏ္ဍကို လေ့လာတင်ပြထား သော စာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် နဝဒေး၏ရတုများ၊ နတ်ရှင်နောင်၏ရတုများ၊ ရှင်သံခို၏ ရတုများကို အလေ့လာခံအဖြစ် သတ်မှတ်လေ့လာပါသည်။ တောင်ငူခေတ်တွင် ထင်ရှား ကျော်ကြားသည့် ရတုစာဆိုများဖြစ်သော နဝဒေး၊ နတ်ရှင်နောင်၊ ရှင်သံခိုတို့၏ ရတုများမှ စာဆိုတို့၏ ရတုရေးဖွဲ့သော အကြောင်းအရာ၊ ရေးဖွဲ့မှုစွမ်းရည်တို့ကို ဝေဖန်သုံးသပ်ပြီး တောင်ငူခေတ်၏ ရတု ကဗျာကဏ္ဍကို သုံးသပ်တင်ပြထားပါသည်။ တောင်ငူခေတ်ရတုစာပေလောကတွင် တံခွန်စိုက်ထူခဲ့ကြသော ရတုစာဆိုတို့၏စိတ်ကူးဆန်းသစ်မှု၊ ကဗျာအဖွဲ့အနွဲ့ကောင်းမွန်မှု၊ စကားပရိယာယ်ကြွယ်ဝမှု၊ သရုပ်ဖော်အဖွဲ့ ပေါ်လွင်မှုကြောင့် မြန်မာစာပေသမိုင်းတွင် တောင်ငူခေတ်၏ ရတုစာပေအဆင့်အတန်းမြင့်မားမှုကို သိရှိရန်ရည်ရွယ်ပါသည်။

**သော့ချက်စကားလုံးများ ။** ။ ရာသီဘွဲ့၊ စိတ်ကူးဆန်းကြယ်မှု၊ လုံးထပ်ဝိစ္ဆာ၊ စကားအသုံး အနှုန်း၊ သမာသ်ပုဒ်

## နိဒါန်း

မြန်မာစာပေသမိုင်းတွင် ရတုကဗျာသည် ပင်းယခေတ်မှယနေ့ထိတိုင် ရှင်သန်နေသော စာပေ အဖွဲ့ဖြစ်သည်။ ရေးဖွဲ့သည့်ပုံသဏ္ဌာန် စည်းစနစ်ရှိပြီး ရေးဖွဲ့သည့် အကြောင်းအရာမှာလည်း မယ်ဘွဲ့၊ မောင်ဘွဲ့၊ ဘုရားတိုင်၊ သစ္စာတိုင်၊ မိုးတော၊ ကျေးစေ၊ စစ်ချီစသည်ဖြင့် အမျိုးအစား စုံလင်လှသည်။ ဤစာတမ်းသည် တောင်ငူခေတ်ရတုစာဆိုများ၏ ရတုများမှတစ်ဆင့် တောင်ငူခေတ်ရတုစာပေ အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ပုံကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ တောင်ငူခေတ်တွင် ထင်ရှား ကျော်ကြားသည့် ရတုစာဆိုကြီးများဖြစ်ကြသော နဝဒေး၊ နတ်ရှင်နောင်၊ ရှင်သံခိုတို့၏ ရတုများမှ စာဆိုတို့၏စိတ်ကူးစိတ်သန်း ကောင်းမွန်မှု၊ အရေးအဖွဲ့ပြောင်မြောက်မှု၊ သရုပ်ဖော်စွမ်းရည် ထက်မြက်မှုတို့ကြောင့် တောင်ငူခေတ်သည် ရတုခေတ်ဟုခေါ်ဆိုရလောက်အောင် ရတုစာပေဖွံ့ဖြိုး တိုးတက်မှုတို့ကို လေ့လာတင်ပြထားပါသည်။

## စာတမ်းခေါင်းစဉ်ဖွင့်ဆိုချက်

တောင်ငူခေတ်ရတုစာဆိုများဖြစ်သော နဝဒေး၊ နတ်ရှင်နောင်၊ ရှင်သံခိုတို့၏ရတုများမှ စာဆိုတို့၏ အရေးအဖွဲ့စွမ်းရည်တို့ကို လေ့လာပြီး တောင်ငူခေတ်၏ ရတုကဗျာဖွံ့ဖြိုးတိုးတက်မှုကို သုံးသပ်တင်ပြထားသောကြောင့် တောင်ငူခေတ်ရတုစာဆိုများနှင့် ရတုစာပေ၏အခန်းကဏ္ဍဟု အမည်ပေးထား ခြင်းဖြစ်ပါသည်။

---

[၁] မြန်မာစာဌာန၊ မြိတ်တက္ကသိုလ်

## သုတေသနရည်ရွယ်ချက်

တောင်ငူခေတ်ရတုတံခွန်စိုက်စာဆိုများ၏ ရတုလက်ရာများကို ပြန်လည်ဖော်ထုတ်ပြီး တောင်ငူခေတ်သည် ရတုစာပေအထွန်းကားဆုံးဖြစ်ကြောင်း တင်ပြလိုသောရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။

## သုတေသနမေးခွန်းနှင့်ပြဿနာ

ဤစာတမ်းကိုပြုစုရာတွင် အောက်ဖော်ပြပါမေးခွန်းနှင့်ပြဿနာကို အဖြေရှာရန် ရည်ရွယ်ပြုစုခဲ့ပါသည်။

(၁) ရတုဟူသည် အဘယ်နည်း။

(၂) တောင်ငူခေတ်ရတုစာဆိုများ၏ ရတုလက်ရာများသည် ရတုကောင်း၏အင်္ဂါရပ်နှင့် ကိုက်ညီမှု ရှိပါသလား။

(၃) တောင်ငူခေတ်ရတုများသည် နှောင်းလူတို့စံပြုထိုက်သော ရတုများဖြစ်ပါသလား။

စသည့် သုတေသနမေးခွန်းများ ပေါ်ပေါက်လာပါသည်။ အဆိုပါမေးခွန်းများအနက် “ရတုဟူသည် အဘယ်နည်း” ဟူသောမေးခွန်းအတွက် ရတုနှင့်ပတ်သက်သော ပညာရှင်များ၏ အဆိုအမိန့်များကို လေ့လာဖတ်ရှု၍ရသောကြောင့် အခက်အခဲမရှိသော်လည်း ကျန်မေးခွန်းများအတွက် အဖြေရှာရာတွင် အောက်ပါပြဿနာများ ရှိလာပါသည်။

(၁) တောင်ငူခေတ်ရတုစာဆိုများ၏ ရတုလက်ရာများသည် ရတုကောင်း၏ အင်္ဂါရပ်နှင့် ကိုက်ညီမှုရှိ၊ မရှိဆန်းစစ်ရန် လိုအပ်ခြင်း။

(၂) တောင်ငူခေတ်ရတုများသည် နှောင်းလူတို့စံပြုထိုက်သောရတုများ ဖြစ်၊မဖြစ်ဆန်းစစ်ရန် လိုအပ်ခြင်းတို့ဖြစ်ပါသည်။

အဆိုပါမေးခွန်းနှင့်ပြဿနာကို ဖော်ထုတ်ရာတွင် ပညာရှင်များ၏အဆိုအမိန့်များ၊ စာပေဆိုင်ရာ စာအုပ်စာတမ်းများ၊ ကျမ်းများကိုလေ့လာဆန်းစစ်၍ ရရှိလာသောအချက်အလက်များအပေါ် အခြေခံ၍ လေ့လာသွားမည် ဖြစ်ပါသည်။

## သုတေသနအဆိုကြမ်း

တောင်ငူခေတ်ရတုစာဆိုများဖြစ်သော နဝဒေး၊ နတ်ရှင်နောင်၊ ရှင်သံခို၏ ရတုများသည် ရတုစာပေ လောကတွင် နှောင်းလူတို့စံပြုထိုက်သော ရတုများဖြစ်ပြီး တောင်ငူခေတ်ရတုကဗျာ လောကကို ဖွံ့ဖြိုးတိုးတက်စေသော ရတုများဖြစ်ကြောင်း လေ့လာတင်ပြထားပါသည်။

## နည်းနာ

ဤစာတမ်းတွင် နည်းနာပိုင်းကိုတင်ပြရာ၌ ပညာရပ်နည်းနာနှင့် သုတေသနနည်းနာဟူ၍ နှစ်ပိုင်းခွဲကာ တင်ပြသွားပါမည်။

## ပညာရပ်နည်းနာ

### ရတုသဘောသဘာဝ

ရတုဟူသည် “သက္ကတဘာသာ ‘ရိတု’ မှ ပျက်လာသော ရတုလည်းရှိသည်။ မြန်မာဘာသာ ရတုကဗျာသည် လင်္ကာမှပေါက်ဖွားလာသော အဖွဲ့အနွဲ့ဖြစ်သည်။ သို့သော်လင်္ကာကဲ့သို့ မဟုတ်မူ၍ ဖွဲ့ဆိုရာ၌ စည်းစနစ် ဥပဒေသရှိသည်။ လင်္ကာ၌ ပိုဒ်ရေပေါင်း လိုသမျှဖွဲ့ဆိုနိုင်သည်။ အဖျားချတွင် လည်း စာလုံးရေ အကန့်အသတ်မရှိ။ ရတုတွင်ကား တစ်ပိုဒ်တည်းဖွဲ့စပ်လျှင် ဧကပိုဒ်၊ နှစ်ပိုဒ်ဖွဲ့လျှင်အဖြည့်ခံ၊ သုံးပိုဒ်ဖွဲ့လျှင် ပိုဒ်စုံဟူ၍ခေါ်သည်။ အဖျားချများတွင်သုံးပိုဒ်ထက် ပို၍လည်းမဖွဲ့ကြချေ။ ခိုင်ညွန့် ခက်ဖြာ(၇)လုံး၊ မဏိဆံကျင်(၉) လုံး၊ အာသာဝတီဝတ်ဆံ(၁၁)လုံး၊ မဏိဦးပြည်း(၁၅)လုံး၊ ဇော်တစ်ခိုင် လုံး(၁၉)လုံး စသည်ဖြင့် အဖျားချ စကားလုံးအရေအတွက် ကန့်သတ်ထားလေ့ရှိသည်။

ပေါရာဏသက်သက် ရတုလည်းရှိသည်။ သက္ကတဘာသာ ‘ရိတု’ မှာ ‘အခါရာသီ’ အနက် ရသည်။ မြန်မာဘာသာ ‘ရတု’ မှာ ‘သဘင်' ဟူသောအနက်၊ ‘အခမ်းအနား’ဟူသောအနက်၊ ‘အခြေအနေ’ ဟူသော အနက်ဟူ၍ သုံးမျိုးရှိသည်။ ဤသို့ဌာနအားဖြင့် သုံးစားကွဲပြားလျက်ရှိရာ အများနှင့်စပ်ဆိုလျှင် ထိုအဖွဲ့မျိုးမှာ ‘သဘင်’ အနက်ရသည်။ အများနှင့်မသက်ဆိုင်ဘဲ တစ်ဦးတစ်ယောက် အတွက် စပ်ဆိုလျှင် ‘အခမ်းအနား’၊ သဘာဝဓမ္မအခြေအနေများကိုပြလျှင် ‘အခြေအနေ’ သဘောပေါက်ရောက်သည်”ဟု မြန်မာစာပေသမိုင်းတွင် ဖော်ပြထားသည်။ (ဖေမောင်တင်၊ဦး၊၂၀၀၃၊ ၆၇-၆၈)

ရတုဖွဲ့ဆိုရာတွင် ရတုအချီအချနည်း ၄မျိုးရှိ၍ ရတုချရာတွင် ၆၄ပါးရှိကြောင်း တွေ့ရသည်။ ရတုရေးဖွဲ့သော အကြောင်းအရာကိုလိုက်၍ ဘုရားတိုင်ရတု၊ သိကြားတိုင်ရတု၊ သစ္စာတိုင်ရတု၊ တောလားရတု၊ ရေလားရတု၊ မြို့ဘွဲ့ရတု၊ မယ်ဘွဲ့ရတု၊ မောင်ဘွဲ့ရတု၊ ပန်းဘွဲ့ရတု၊ စစ်ချီရတု၊ ကျေးစေရတု၊ ဥဒေါင်းဖိုမ အမေးအဖြေရတု၊ ဝမ်းဘဲဖိုမ အမေးအဖြေရတုဟူ၍ ရတုအမျိုးအစားများကို သတ်မှတ်ကြသည်။ ရတုစာပေသည် ပင်းယခေတ်မှ စတင်ပေါ်ပေါက်ခဲ့ပြီး အင်းဝခေတ်တွင် ဆက်လက်ရှင်သန်ကာ တောင်ငူခေတ်တွင် ရတုခေတ်ဟု ခေါ်ဆိုရလောက်အောင် ရတုစာပေအထွန်းကားဆုံးဖြစ်သည်။

### တောင်ငူခေတ် ရတုစာဆိုများ၏ အတ္ထုပ္ပတ္တိ

### ပြည်နဝဒေး

အင်းဝခေတ်တွင် လူပုဂ္ဂိုလ်စာဆိုတော် ရှားပါးသလောက် တောင်ငူခေတ်တွင် ပေါများကြသည်။ ရတုစာဆိုများလည်း များစွာပေါ်ထွန်းခဲ့ပြီး ရတုအမျိုးအစားလည်း စုံလင်လှသည်။ တောင်ငူခေတ် သည် ရတုခေတ်ဟု ခေါ်ဆိုရလောက်အောင် ရတုအများအပြား ပေါ်ထွန်းခဲ့သည်။ ပထမနဝဒေး၊ ပြည်နဝဒေးဟု အမည်တွင်သည့် နဝဒေးကြီးသည် ရတုအပုဒ်ပေါင်းသုံးရာကျော် ရေးသားခဲ့သည့် ရတုစာဆိုတစ်ဦး ဖြစ်သည်။ ရတုများစွာ ရေးသားခဲ့ရုံသာမက သူ၏ရတုများကား နှောင်းလူတို့ စံထားရလောက်အောင် ကောင်းမွန်သောရတုများဖြစ်သည်။ စာဆိုကြီးသည် ၈၉၄-ခုနှစ်ပြည်မြို့တွင် မင်းပြုသောဘုရင် နရပတိ၏ယောက်ဖ မင်းဘစော၏ အထိန်းတော်သား ဖြစ်သည်။ မင်းဘစောကို ပွတ်လည်ရွာတွင် ဘုရင် နရပတိကွပ်မျက်၍ နှမတော်ကို စလင်းစည်သူကျော်ထင်သို့ပေးလျှင် နှမတော်နှင့်အတူ နဝဒေးသည်

စလင်းသို့လိုက်၍နေသည်တွင် 'မင်းလက်ျာ'ဘွဲ့ကိုရသည်။ ထို့နောက် စလင်းမြို့ပျက်၍ စစ်ကိုင်းတွင် စည်သူကျော်ထင် သက္ကရာဇ် ၉၀၇-ခုနှစ်၌ မင်းပြုလျှင် စစ်ကိုင်းသို့ မင်းလက်ျာ လိုက်ပါခစားရပြန်၍ ထောင်သင်းကို ကြီးမှူးရသည်။ ထိုတွင်မှ 'ထောင်သင်းမှူး' တွင်ပြန်သည်။ ထို့နောက် သက္ကရာဇ် ၉၁၃-ခုနှစ်တွင် စစ်ကိုင်းစည်သူကျော်ထင်သည် နရပတိစည်သူ အမည်ဖြင့် အင်းဝရွှေနန်းကို သိမ်းမြန်းစိုးစံ၍ ၆-နှစ်အကြာ ဟံသာဝတီဆင်ဖြူများရှင် လုပ်ကြံ၍ အင်းဝပျက်လျှင် ပြည်ဘုရင် သတိုးဓမ္မရာဇာက ဆင်ဖြူများရှင်ထံ ထောင်သင်းမှူးကို တောင်းယူ၍ ပြည်မြို့သို့ ခေါ်ဆောင်သွားရာ ပြည်နဝဒေးဘွဲ့ကို ရသည်။ ထို့ကြောင့် **'စစ်ကိုင်းထောင်သင်း၊ စလင်း လက်ျာ၊ ပြည်မှာနဝဒေး'** ဟူ၍ အမှတ်သညာ ပြုကုန်သည်။နဝဒေးဟူသည် ကဗျာလင်္ကာတို့ကို ဖွဲ့ဆိုရာမှာ အပြစ်ဆိုစရာမရှိသော စာဆိုတော်ဟူ၍ အဓိပ္ပာယ်ရသည်။နဝဒေးကြီးသည် အသက် ၁၀နှစ် အရွယ်မှစ၍ ကဗျာလင်္ကာများ လိုက်စား၍ ရတုများ စပ်ဆိုခဲ့သည်။ နဝဒေးကြီးသည် ရတုများသာမက ချေင်းများ၊ ပျို့များလည်းစပ်ဆိုခဲ့သည်။ (ဖေမောင်တင်၊ ဦး၊၂၀၀၃၊ ၁၃၅-၁၃၆)

## နတ်ရှင်နောင်

တောင်ငူခေတ်၏ ရတုတံခွန်စိုက်တစ်ဦးဖြစ်သူ နတ်ရှင်နောင်သည် သက္ကရာဇ်(၉၄၀- ၉၇၅) တွင် ပေါ်ပေါက်ခဲ့သော တောင်ငူခေတ်၏ ရတုတံခွန်စိုက် မင်းစာဆိုဖြစ်သည်။ တောင်ငူ ရွှေနန်းတည်မင်း မင်းရဲသီဟသူနှင့် ဘုရင့်နောင်၏ သမီးတော် မင်းခင်စောတို့မှ ဖွားမြင်သော သားတော်ကြီး ဖြစ်ပြီး ညီတော်များမှာ မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့ဖြစ်သည်။ လှော်ကား သုံးထောင်မှူး၏ သား မင်းဧယျရန္တမိတ်နှင့် ဖွားသက္ကရာဇ်ချင်း တူသည်။ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး ကျွမ်းကျင် သည်။ ငယ်ရွယ်စဉ်ကပင် ခမည်းတော်၏ လက်ရုံးသဖွယ် အားကိုးခြင်းခံရသည်။ သက္ကရာဇ် ၉၇၁ ခုနှစ်တွင် ခမည်းတော် နတ်ရွာစံသောအခါ နတ်ရှင်နောင် နန်းတက်သည်။ ထိုနှစ်တွင်ပင် အနောက်ဘက် လွှမ်းမင်း တောင်ငူကိုတိုက်ရာ နတ်ရှင်နောင်သည် နန်းကျမြို့စား ဖြစ်ခဲ့ရသည်။သက္ကရာဇ် ၉၇၄ ခုနှစ်တွင် သန်လျင်မြို့စား ငဇင်ကာသည် တောင်ငူကိုတိုက်ရာတွင် နတ်ရှင်နောင်သည် မိဖုရားအခြွေအရံနှင့်အတူ သန်လျင်ကို ရောက်ရှိခဲ့သည်။ သက္ကရာဇ် ၉၇၅ ခုနှစ်၊တန်ခူးလပြည့်ကျော် ၃ ရက်၊ စနေနေ့တွင် သန်လျင်မြို့ ဈေးလယ်၌ကားကျက်၍ ကွပ်မျက်ခံရ၏။ ထိုအခါနတ်ရှင်နောင်သည် သက်တော် ၃၅ နှစ်မျှ သာရှိသေးသည်။ နတ်ရှင်နောင်သည် တောင်ငူ ခေတ်တွင် ပေါ်ပေါက်ခဲ့သော ရတုစာဆိုများတွင် နဝဒေးကြီးကလွဲလျှင် စာဖွဲ့အများဆုံးနှင့် အထင်ရှားဆုံး ရတုစာဆိုရှင် ဖြစ်သည်။ ဘုရားတိုင်၊ သစ္စာတိုင်၊ မိုးတော၊ ကျေးစေ၊ မယ်ဘွဲ့၊မောင်ဘွဲ့၊ စစ်ချီ စသည်ဖြင့် ရတုပုဒ်ရေ ၆၀ကျော် ရှိသည်။(ဖေမောင်တင်၊ ဦး၊ ၂၀၀၃၊ ၁၄၈)

## ရှင်သံခို

နတ်ရှင်နောင် မရှိသည့်နောက် ရတုစာဆိုအဖြစ်ဖြင့် ကျော်ကြားသူမှာ ရှင်သံခိုဖြစ်သည်။ ရှင်သံခို သည် လှော်ကားသုံးထောင်မှူး၏ မြေး၊ မင်းဧယျရန္တမိတ်၏တူဖြစ်ပြီး သက္ကရာဇ် ၉၆၀ ပြည့်နှစ်တွင် တောင်ငူမြို့၌ ဖွားမြင်သည်။ အဘိုး၊ ဦးရီးတို့မှာ နန်းတွင်းစာဆိုများဖြစ်ကြသည့်အတိုင်း ရှင်သံခိုသည် လည်းအဘိုး၏ခြေရာ၊ ဦးရီးခြေရာတို့ကိုနင်းသူဖြစ်သည်။အသက် တစ်ဆယ့်နှစ်နှစ် အရွယ်ကပင် ကဗျာ

လက်ာများကို ဖွဲ့ဆိုခဲ့သည်။တောင်ငူနန်းတွင် နတ်ရှင်နောင် စံမြန်းတော်မူခိုက် ထိုမင်း၏ အမတ် အဖြစ် ခစားထမ်းရွက်သည်။ သက္ကရာဇ် ၉၇၂ အနောက်ဘက်လွန်မင်းတရားကြီးသည် တောင်ငူကိုအလိုတော် ပြည့်သောအခါ ရှင်သံခိုသည်ဘုန်းတော်ဘွဲ့ရတုများကို ရေးသားဆက်သွင်းခဲ့သည်။ ထို့နောက် နတ်ရှင်နောင်ကို ဘုရင်ခံအဖြစ်နှင့် တောင်ငူတွင်အုပ်စိုးစေ၍ အင်းဝနေပြည်တော်သို့ မင်းတရားကြီး အပြန်တွင် ရှင်သံခိုသည်လည်း မင်းတရားကြီးနှင့်အတူ လိုက်ပါသွားသည်။ ထိုမင်းလက်ထက်တွင် လက်ဆောင်ယူမှူးရာထူးကို ပေးအပ်သနားခြင်းခံရသည်။ (ဖေမောင်တင်၊ ဦး၊ ၂၀၀၃၊ ၁၆၁-၁၆၃)

## တောင်ငူခေတ် ရတုစာဆိုများနှင့်ရတုကဗျာအခန်းကဏ္ဍ

### နဝဒေး၏ ရတုများ

နဝဒေးကြီးသည် ဘုရားတိုင်၊ သစ္စာတိုင်၊ မယ်ဘွဲ့၊ မောင်ဘွဲ့စသည်ဖြင့် ရတုများစွာရေးသား ခဲ့သည်။ ဘုရားတိုင်ရတုများတွင် ဘုရားဘွဲ့များကို ရေးဖွဲ့ရာ၌ဘုရား၏ တည်နေရာနှင့် ဘုန်းတန်ခိုး ထင်ရှားပုံကိုထည့်သွင်းရေးဖွဲ့ထားသည်။ ပြည်ဆံတော်ဘုရားတိုင် မယ်ဘွဲ့တွင်ဘုရားဘွဲ့များကို ဖော်ပြ ရာ၌ ဘုရား၏တည်နေရာ၊ ထီးကိုးစင်းဖြင့် မြင့်မားစွာတည်ရှိနေပုံကို ဖော်ပြထားသည်။

'ကြာငုံ့အဟန်'ချီ ရတုတွင်-

> "ကြာငုံ့အဟန်၊ စက်သန်ကြည်နူး၊ တင်ရှိဦးအံ့၊ သောက်ရှူးနေလ၊ တူစုံပသို့၊ ခေတ္တသရေ၊ မင်းနေရပ်စည်၊ ရွှေပြည်ထောင့်ယွန်း၊ တောင်ထိပ်စွန်းဝယ်၊ တစ်သန်းဉာဏ်ရှင်၊ မြသိ တင်ဟု၊ ကောင်းကင်မိုးမြေ၊ နှံ့မျှဝေသည်၊ ဆံမွေဘုန်းခေါင်၊ မိတည်းနောင်" (နဝဒေး၊ ၁၉၆၄၊ ၁၈)

ဟူ၍တည်နေရာနှင့်ဘွဲ့တော်ကို ရေးဖွဲ့ထားသည်။ ဆံတော်ရှင်သည် သရေခေတ္တရာပြည်၏ တောင်ဘက် တောင်ထိပ်တွင်တည်ရှိ၍ မြသိတင်ဘုရားဟု ဘွဲ့အမည်တွင်ကြောင်း ဘုရားတည်နေရာနှင့် ဘွဲ့အမည် ကို ထည့်သွင်းရေးဖွဲ့ထားသည်။

'ခေတ္တပြည်သာ' အစချီရတုတွင် -

> "ခေတ္တပြည်သာ၊ အောင်မြေချာ၌၊ လက်ယာရစ်သန်း၊ တောင်ထိပ်စွန်းဝယ်၊ တစ်သန်း လျှံညီး၊ ကိုးစင်းထီးနှင့်" (ယင်း၊ ၁၉)

ဟူ၍ ဘုရားရှင်သည် သရေခေတ္တရာပြည် လက်ယာဘက် တောင်ထိပ်စွန်းတွင် တည်ရှိပြီး ထီးကိုးစင်းနှင့် စေတီတစ်ဆူ ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် နဝဒေးသည် ဘုရားဘွဲ့များ ဖွဲ့ဆိုရာတွင် ဘုရားရှင်၏ ဂုဏ်တော်၊ တန်ခိုးတော်တို့ကို ထည့်သွင်းဖွဲ့ဆိုထားပါသည်။ 'စက်ရှင် ပတ်လည်'ချီ အင်းဝနဂါးရုံ ဘုရားတိုင်ရတုတွင်-

> "သနစ်လျှံပြောင်၊ မွေရှင်ရောင်နှင့်၊ <u>တောက်ပြောင်မဆုံး၊နေ့ညဥ့်ဖုံးသည်၊</u> သောင်းလုံး ပတ်လည်ရွှင်တော့သည်" (ယင်း၊ ၆)

ဟူ၍ ဘုရားရှင်၏ရောင်ခြည်တော်သည် စကြဝဠာတိုက်တစ်သောင်းလုံးကို အဆီးအတားမရှိ ဖုံးလွှမ်းနိုင်ကြောင်းကို ဖွဲ့ဆိုထားသည်။

'ယှက်လျှံမှောင်သည်' အင်းဝရွှေစည်းခုံ ဘုရားတိုင်ရတုတွင် -

"ခြောက်မည်ရောင်ဟုံ၊ ရွှေစည်းခုံဟု၊ သုံးဘုံလူနတ်၊ သကျထွတ်ဝယ်" (ယင်း၊ ၁၀)

ဟူ၍ ဘုရားရှင်သည် ရောင်ခြည်တော်ခြောက်ပါးနှင့် ပြည့်စုံကြောင်း၊ လူသုံးပါးတို့၏ အထွတ်အမြတ်ပုဂ္ဂိုလ်ဖြစ်ကြောင်း ဖွဲ့ဆိုထားသည်။ နဝဒေးကြီးသည် အလင်္ကာအသုံးများဖြင့်လည်း ဘုရားရှင်၏ ဘုန်းတန်ခိုးတော်ကို ပေါ်လွင်အောင် ရေးဖွဲ့ရာတွင်-

"တစ်ထောင်နေဝန်း၊ တူပြိုင်ထွန်းသို့" (နဝဒေး၊ ၁၉၆၄၊ ၄)

"ပတ်ခွေရံဝန်း၊ မြင်းမိုရ်ထွန်းသို့" (ယင်း၊ ၁၀)

" သောက်ရှူးနေလ၊ တူစုံပသို့" (ယင်း၊ ၁၈)

" မြင်းမိုရ်ရှိလောက်၊ရွှေတောင်ပေါက်သို့" (ယင်း ၊၂၂)

ဟူ၍ ရေးဖွဲ့ထားသည်။ ဘုရားရှင်၏ ဘုန်းတန်ခိုး ထွန်းလင်းတောက်ပပုံကို ရေးဖွဲ့ရာတွင် နေမင်းကြီးနှင့်လည်း နှိုင်းယှဉ်ရေးဖွဲ့သည်။ မြင်းမိုရ်တောင်နှင့်လည်း ခိုင်းနှိုင်းသည်။ ရွှေတောင်ကြီး ပေါက်နေ သည့် အသွင်နှင့်လည်းတူသည်ဟု ခိုင်းနှိုင်းရေးဖွဲ့ထားသည်။

တစ်ဖန် နဝဒေးကြီးသည် ရာသီဘွဲ့များ ရေးဖွဲ့ရာတွင်လည်း နွေ၊ မိုး၊ ဆောင်း ရာသီသုံးပါး လုံး၏ အလှများကို ပေါ်လွင်အောင် ရေးဖွဲ့သရုပ်ဖော်ထားသည်ကို တွေ့ရသည်။ နွေရာသီ၏ ရာသီသဘာဝ အလှကို ဖွဲ့ရာတွင်-

"ချမ်းဆောင်းလွန်လျှင်၊ ထက်ကောင်းကင်က၊ မင်းလွင်မှိုင်းဝန်း၊ ကျနှင်းခန်းသော်၊
တသွန်းငုံကင်း၊ ပွင့်တုံလျင်းက၊ ရွက်ဆင်းရွှေရွှေ၊ သပြေထပ်ရစ်၊ ပေါက်သစ်ဖူးခါ၊
တမာစိမ်းနု၊ ရတုသာဖျား၊ ဖူးအံ့သွားသည်" (ယင်း၊ ၅၂)

ဟူ၍ ရေးဖွဲ့ထားသည်။ ဆောင်းအကုန် နွေအကူးကာလသည် ကောင်းကင်၌ မြူခိုးများအုံ့မှိုင်းနေသော်လည်း ဆောင်းတွင်ကျဆင်းသော နှင်းကမူရပ်တန့်သွားပြီဖြစ်ကြောင်း၊ တောမြိုင်အတွင်း သစ်ပင်ပန်းမန်တို့သည် အဖူးအငုံအပွင့် စသည်ဖြင့် အသွင်အမျိုးမျိုး ရှိနေကြကြောင်း၊ ပေါက်ပန်းများဖူး၍ အစိမ်းရောင်တမာနုများက နှစ်လိုဖွယ်လှပနေကြကြောင်း၊ ဤလရာသီကား အခြားသော လရာသီတို့ထက် သာယာလှပနေကြောင်း နွေအလှ ကို စာပန်းချီ ခြယ်သထားပါသည်။

'ရှင်ဖြူရှင်လှ' ဘုရားတိုင်ရတုတွင် -

"မရွှာဘဲပင် ၊ ရွှာရုပ်သွင်" (ယင်း၊ ၅၂)

ဟူ၍မရွာဘဲနှင့် ရွာဟန်ပြင်နေသော မိုးကို ရေးဖွဲ့ထားသည်။တစ်ဖန် ဆောင်းရာသီ သဘာဝအလှကို ရေးဖွဲ့ရာတွင် တောတောင်အတွင်း သစ်ပင်တို့၏အလှ၊ နှင်းကျပုံမြင်ကွင်း၊ ကောင်းကင်တို့၏ အရောင်တို့ကို ရေးဖွဲ့ထားသည်။

'အင်းဝနဂါးရုံ' ဘုရားတိုင် ရတုတွင် -

"ဟေဝန်သာခေါင်၊ တောကုန်အောင်လည်း၊ ရွှေရောင်နှင့်မြ၊ ပင်တိုင်းလှသော်၊ နှိုင်းပြ ထက်ဝန်း၊ နှင်းသာဖြန်းက၊ ရန်းရန်းရွရွ၊ ဆွဆွမြူထွား၊ ပုလဲပွားသို့၊ ချရားမဥ္ဇူ၊ ခိုင်စုံတူကို၊ ဆက်လျှုရည်ထင်၊ လှထွတ်တင်နှင့်၊ ရွှေရင်ရစ်ခွေ၊ စုံလွယ်စေလော၊ ရာသီဖြင့်နှင်း၊ မယ်ကပင်း၍ ၊ ဆောင်းချင်းမတူ၊ အချမ်းကူသော်" (နဝဒေး၊ ၁၉၆၄၊ ၅၂)

ဟူ၍ တောအတွင်း သစ်ပင်တို့တွင် ရွှေရောင်နှင့်မြရောင်စီခြယ်သကဲ့သို့ အဝါနှင့် အစိမ်းရောင် သစ်ရွက်တို့ဖြင့် လှပနေကြောင်း၊ ထက်ကောင်းကင်တစ်ပြင်လုံးတွင် အုံ့မှိုင်းနေကြောင်း၊ အဖြူရောင် နှင်းစက်ကလေးများ ပက်ဖျန်းထားသဖြင့် သစ်ရွက်များပေါ်တွင် ဖြူဆွဆွ ပုလဲလုံးအပွားကလေးများသဖွယ် လှပစွာဖြစ်ပေါ်နေကြောင်း ဖွဲ့ဆိုထားသည်။ ဆောင်းရာသီသဘာဝ အေးရသည့်အထဲတွင် မယ်က နှင်းနှင့်ပေါင်း၍ ကြံစည်သကဲ့သို့ အချမ်းပိုအောင် လုပ်နေကြောင်းကို 'ရာသီကနှင်း၊ မယ်ကပင်း၊ ဆောင်းချင်းမတူ၊ အချမ်းကူ' ဟူ၍ လှပသောအသုံးအနှုန်းဖြင့် ရေးဖွဲ့ထားပါသည်။

ဆောင်းရာသီကာလ ကောင်းကင်မှ တိမ်တို့၏ အရောင်ကို-

"ထွေလည်ရစ်ဆင်၊ သွယ်မြသွင်ကို၊ ကောင်းကင်ဝေဝေ၊ စိမ်းရွှေမည်းနက်၊ နီမြန်းကွက်၍၊ နေ့ရက်တထူး၊ ကူးတုံလူလူ၊ ဆောင်းရတုဝယ်" (ယင်း၊၂၃)

ဟူ၍ ရေးဖွဲ့ထားပါသည်။ ကောင်းကင်မှ တိမ်တို့သည် အထွေထွေအလည်လည်သော အရောင်ကို ရစ်ပတ် ဆင်ယင်ထားကြောင်း၊ မြ၏အသွင်ကိုဆောင်နေသော ကောင်းကင်မှာ မှိုင်းဝေနေပြီး စိမ်းရွှေ မည်းနက်နေသောအရောင် အနီရောင်အကွက်တို့ဖြင့် ဆင်မြန်းထားသည်မှာ ထူးခြားသောနေ့ တစ်ပါးသို့ ကူးပြောင်းမည့် အခြေအနေမျိုး ဖြစ်ပေါ်နေကြောင်း ရေးဖွဲ့သရုပ်ဖော်ထားသည်။ ကောင်းကင်ရှိ တိမ်တို့၏ အရောင်ကို 'စိမ်းရွှေမည်းနက်၊ နီမြန်းကွက်' ဟူ၍ကျစ်လျစ်သော စကားလုံးတို့ဖြင့် ရေးဖွဲ့ထားသည်။

နဝဒေးကြီးသည် မယ်ဘွဲ့များကို ရေးဖွဲ့ရာတွင် သူ၏ ချစ်သူရှင်နှောင်း၏အလှကို တင်စား ရေးဖွဲ့သည်ကိုတွေ့ရသည်။ 'နွဲ့နွဲ့ကိုပြင်'ချီ ရတုတွင် ရှင်နှောင်း၏အလှကို -

"နွဲ့နွဲ့ကိုပြင်၊ ဆင်းရုပ်သွင်ကို၊ ကောင်းကင်မိုးမြေ၊ ပတ်မျှဖွေ၍၊ ရှာလေနှံ့ဘိ၊ ဘက်မ ရှိတည့်"( ယင်း၊၂၅)

"မွေးဘမိမင်း၊ သားချင်းဆွေစုံ၊ ရုံဝန်းရုံလျက်၊ ဆယ်မြတ်သက်နှင့်၊ ဆံရွက်မြူညောင်း၊ ပြစ်မျိုးပြောင်းသည်၊ ရှင်နှောင်းနောင့်သခင်" (ယင်း၊ ၂၆)

ဟူ၍ဖွဲ့ဆိုထားသည်။ ရှင်နှောင်း၏အလှသည် ပြိုင်ဘက်မရှိကြောင်း၊ မိဘသားချင်း ဆွေမျိုး စုံစုံလင်လင် ဝန်းရံသူ ဖြစ်ကြောင်း၊ ဆယ်ကျော်သက်အရွယ် ဖြစ်ကြောင်းကို 'ရှာလေနှံ့ဘိ၊ ဘက်မရှိ'၊ 'သားချင်းဆွေစုံ၊ ရံဝန်းရံ'၊ 'ဆယ်မြတ်သက်'ဟူသော ကျစ်လျစ်သောစကားသုံးများဖြင့် ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ ထို့ပြင် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံကြောင်းကိုလည်း-

"နူန်းဘက်စံတည်၊ ရွှန်းရွှန်းလည်၍၊ ပြစ်ခြည်ကင်းဝေး၊ ငြိမ့်ငြိမ့်လေးသည်၊ ငယ်သွေး ပျိုမွတ်၊ ပြာညက်ထွတ်" (နဝဒေး၊ ၁၉၆၄၊ ၅၂)

ဟူ၍ အသားအရည်ညက်မွတ်ပြီး အပြစ်ခြောက်ပါးကင်းစင်သူဖြစ်ကြောင်းရေးဖွဲ့ထားသည်။ "ငယ်သွေး ပျိုမွတ်၊ ပြာညက်ထွတ်" ကျစ်လစ်သောသမာသ်ပုဒ်အသုံးဖြင့် အလှကိုပေါ်လွင်အောင် ရေးဖွဲ့ထားပါသည်။ ထို့ကြောင့် နဝဒေးကြီး၏ ရတုများသည် အကြောင်းအရာ စုံလင်သည့်သာမက အရေးအဖွဲ့တွင်လည်း စကားလုံးရွေးချယ်သုံးနှုန်းမှု၊ သရုပ်ဖော်အရေးအဖွဲ့ ကောင်းမွန်မှုကြောင့် ပထမတန်းစားရတုများအဖြစ် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

## နတ်ရှင်နောင်၏ရတုများ

နတ်ရှင်နောင်သည် နဝဒေးကြီးလောက် ရတုပုဒ်ရေမများသော်လည်း ရတုအရေးအဖွဲ့ စွမ်းရည်မှာ တံခွန်စိုက်ရလောက်အောင် ကောင်းမွန်သောရတုများ ရေးဖွဲ့ခဲ့သော ရတုဘုရင် ဖြစ်သည်။ သူ၏ရတုများမှာ ရင်တွင်းခံစားချက်မှ ပေါက်ဖွားလာသော ရတုများဖြစ်သည်။ နတ်ရှင်နောင်သည် ဘုရားတိုင်ရတုများတွင် ဘုရားဘွဲ့များကိုဖွဲ့ဆိုရာ၌ ဘုရား၏တည်နေရာ၊ သမိုင်းစဉ်၊ ပုံတော်သဏ္ဍာန်တို့နှင့်အတူ ဘုရားရှင်၏ ဂုဏ်တော်၊ တန်ခိုးတော်များကိုပါ ထည့်သွင်း ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

'တစ်သောင်းရှစ်မည်'ချီ မုဋ္ဌော ဘုရားတိုင်ရတုတွင် -

"ခပေါင်းမြစ်ဝှန်၊ သည်ကိုလွန်၍၊ ရန်မာန်အောင်မြေ၊ လှည့်ခဲ့ခွေသား၊ မင်းနေညီနောင်၊ မြို့ထွတ်ခေါင်ဝယ်၊ ခြောက်ရောင်ဘဝဂ်၊ နှင့်သာစက်မျှ၊ ကွန်ရက်ခြည်စုံ၊ ပွင့်ငုံလျှံ တောက်၊ သုံးပါးနောက်" (နတ်ရှင်နောင် ၊ ၁၉၆၆၊ ၇)

ဟူ၍ ခပေါင်းမြစ်သည် မုဋ္ဌောဘုရားတည်ရာကို ကွေ့ဝိုက်ကာစီးဆင်းနေကြောင်း၊ မုဋ္ဌောဘုရား တည်ရှိရာ တောင်ငူမြို့ကိုသဝန်ကြီး၊ သဝန်ငယ်ညီနောင် တည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ မုဋ္ဌောဘုရားသည် ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးကာ တန်ခိုးကြီးသော ဂေါတမဘုရားရှင်၏ ဓါတ်တော်များ ဌာပနာရာ စေတီတစ်ဆူဖြစ်ကြောင်း တောင်ငူသမိုင်းစဉ်၊ တည်နေရာနှင့် ဘုရားရှင်၏ ဘုန်းတန်ခိုးတို့ကို ရေးဖွဲ့ထားသည်။

တစ်ဖန် နတ်ရှင်နောင်သည် ရာသီသဘာဝအလှဘွဲ့များကို ဖွဲ့ဆိုရာတွင် နွေ၊ မိုး၊ ဆောင်း ရာသီသုံးပါးစလုံး၏အလှကို ဖွဲ့ဆိုထားသည်ကိုတွေ့ရသည်။နွေရာသီ၏ သဘာဝအလှကို ဖွဲ့ရာတွင် -

"မြန်းရွှက်မကြွေ၊ ကြန်ရွှေဝါကျင်၊ တောင်မြင်မြင်လည်း၊ ပြောင်စင်မလွင့်၊ ကျန်သေး လင့်လျက်" (နတ်ရှင်နောင် ၊ ၁၉၆၆၊ ၃၂)

ဟူ၍နွေရာသီတွင် သစ်ရွက်တို့ကြွေကျရာ အကုန်အစင်မကြွေသေးသော သဘာဝအခြေအနေကို ဖော်ပြထားသည်။ နွေရာသီကာလ သဲပြင်တွင် ကျေးငှက်တို့ ပျော်မြူးနေသည့် သဘာဝကို -

“စဲညွှန်ပြင်ယံ၊ပျံပျံနားနား၊ဖြားကာခေါ်ထူး၊ခေါ်ပြိုင်မြူးရှင့်”(ယင်း၊၆၀)

ဟူ၍ရေးဖွဲ့ထားသည်။

မိုးရာသီ၏ ရာသီသဘာဝအလှကို ရေးဖွဲ့ရာတွင် -

“ရက်လခါကျော် ၊ နတ်စက်ပျော်သား၊ မည်ခေါ်သန်းဦး၊ ဝါသို့ကူးက၊ ပျံ့ပျူးမိုးစည်၊ လျှပ်စက်ခြည်နှင့်၊ ခြောက်မည်မက၊ အစိုးရသား၊ သူဇာသက်မှတ်၊ မြရည်ဆွတ်”

(ယင်း၊ ၈၃)

ဟူ၍မိုးဦးကာလရွာသောမိုးကို မြရည်ဖြင့်တင်စားကာ ရေးဖွဲ့ထားသည်။ ဝါဆိုလကို နတ်စက်ပျော်သောလ၊ ဝသန်မိုးဦးကာလ၊ ဝါတွင်းသို့ ကူးပြောင်းသောလ ဟူ၍ မိုးဦးကာလကို အမည်အမျိုးမျိုးဖြင့် ရေးဖွဲ့ထားသည်။ မိုးရွာသည်ကိုလည်း သိကြားမင်း ရေဖျန်းသည့်ပုံသွင် ‘သူဇာသက်မှတ်၊မြရည်ဆွတ်’ ဟူ၍ သွယ်ဝိုက်ကာ ရေးဖွဲ့ထားသည်။

‘ဆွတ်ပျံ့ဖွယ်အောင်’ချီ ရတုတွင် နွေနှောင်းလအခါသမယကို-

“ဆွတ်ပျံ့ဖွယ်အောင်၊ ယုဂန်တောင်က၊ ဝေမှောင်အုံ့ပျ၊ နွေနှောင်းလကို၊ ခြိမ့်မျှသံလေး၊ ရင့်ရှူကြွေးက” (ယင်း၊ ၂၉)

ဟူ၍ မှိုင်းဝေအုံ့မှိုင်း၍ ခြိမ့်အုံးကာ ရွာသွန်းနေပုံ၊ လွမ်းဆွတ်ကြေကွဲခြင်း ပျံ့နှံ့အောင် ယုဂန် တောင်ထိပ်တွင် ဝေမှောင် အုံ့ပျနေပုံတို့ဖြင့်ရေးဖွဲ့သရုပ်ဖော်ထားသည်။

ထို့နောက် နတ်ရှင်နောင်သည်မယ်ဘွဲ့ရတုများတွင် ချစ်သူရာဇဓာတုကလျာ၏အလှကို ဖွဲ့ရာတွင် အသားအရေဝင်းဝါခြင်း၊ နူးညံ့ညက်ညောခြင်း၊ ကိုယ်ဟန်နွဲ့ပျောင်းခြင်း၊ စကားပြောချိုသာခြင်း၊ နတ်သမီးတမျှလှပခြင်းတို့ကို သရုပ်ဖော်ရေးဖွဲ့သည်ကိုတွေ့ရသည်။ များသောအားဖြင့် ကောင်းခြင်းငါးဖြာတွင် အသားအရေ၏ကောင်းခြင်းကို အလေးပေး ရေးဖွဲ့သည်ကိုတွေ့ရသည်။

‘ရှစ်ဆိုင်ရွက်ကြာ’ချီ မယ်ဘွဲ့ရတု၌-

“နှစ်ပြိုင်ဘက်ရာ၊ ဝတီသာက၊ စံရာစံထား၊ ရွေးခဲ့ခြား၍၊ သိကြားတမျှ၊ ပြိုင်လှာသလည်း၊ သော်တာ့ရောင်တွင်၊ ကြယ်နှယ်ထင်ဟု၊ သခင်ကကို၊ များမိန့်ဆိုလိမ့်”

(နတ်ရှင်နောင် ၊ ၁၉၆၆၊ ၁၃)

ဟူ၍ရေးဖွဲ့ထားသည်။ ထိုအဖွဲ့တွင် မယ်၏အလှသည် နတ်ပြည်မှ နတ်သမီးလေးများ၏ အလှနှင့် ယှဉ်ပြိုင်လျှင် နတ်သမီးလေးများ၏ အလှသည် လမင်းကြီး ထွက်ပေါ်လာစဉ် အနားမှကြယ်ကလေးများ၏အရောင်ကဲ့သို့ ရေးရေးသာ ဖြစ်နေပါလိမ့်မည်။ သခင်ကသာပို၍လှကြောင်း အများကမိန့်ဆိုပါလိမ့်မည်ဟု ဖွဲ့ဆိုထားပါသည်။ ချစ်သူ၏အလှကို လှပသောစကားလုံးများဖြင့် အပြစ်လွတ်အောင် ရေးဖွဲ့ထားပါသည်။

အသားအရေ၏ ကောင်းခြင်းကိုဖွဲ့ရာတွင်-

“ဝင်းညွတ်မွေးမွတ်၊ ပြာလတ်နွဲ့ချော” (ယင်း၊ ၁၅)

ဟူ၍ရေးဖွဲ့ထားသည်။ အသားအရေ၏ကောင်းခြင်းကို ‘ဝင်း’ ‘မွေး’ ‘မွတ်’ ‘ပြာ’ ‘လတ်’ ‘ချော’ ဟူသော စကားလုံးများဖြင့် ပေါ်လွင်အောင်ရေးဖွဲ့ထားပြီး ကိုယ်အမူအရာအလှကို ပေါ်လွင်စေရန် ‘နွဲ့’ ဟူသော စကားလုံးဖြင့် ဖော်ပြရေးဖွဲ့ထားသည်။

‘တင့်လှပေဟန်’ချီ ရာဇဓာတုကလျာဘွဲ့ရတုတွင်-

“တင့်လှပေဟန်၊ ဘက်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့” (ယင်း၊ ၇၆)

ဟူ၍ ရာဇဓာတုကလျာ၏ တင့်တယ်လှပုံမှာ နှိုင်းယှဉ်တုဖက်စရာမရှိပုံ၊ နတ်ပြည်ခြောက်ထပ်က လာသော နတ်သမီးကဲ့သို့ ဖြစ်ကြောင်း ရေးဖွဲ့ထားသည်။ အသားအရေကောင်းခြင်းနှင့် ပြည့်စုံပုံကို-

“ပြာပြာလတ်လတ်၊ မွတ်မွတ်ညက်ညက်၊ ရွှန်းရွှန်းစက်မှျ” (ယင်း၊၇၆)

ဟူ၍ ရေးဖွဲ့ထားသည်။ ‘ပြာပြာ’ ‘လတ်လတ်’ ‘ မွတ်မွတ်’ ‘ညက်ညက်’ ‘ရွှန်းရွှန်း’ ဟူသော လုံးထပ် ဝိစ္ဆာ အသုံးများဖြင့် လှပမှုကို ပေါ်လွင်ထင်ရှားစေပါသည်။ ထိုသို့လှပနေသော လှနိတုံလေးသည် အသားအရေ ကြည်လင်အေးမြနေပြီး အကြောစိမ်းလေးများပေါ်လွင်ကာ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံပုံကို-

“ပယင်းရွှေရည်၊ ပွတ်လဲ့ကြည်သို့၊ မြရည်ကြောစိမ်း၊ လဲ့လဲ့ရှိန်းမှျ၊ ခပ်သိမ်းကလျာ ရှုဖွယ်သာလျှင်” (နတ်ရှင်နောင် ၊ ၁၉၆၆၊၇၆)

ဟူ၍ရေးဖွဲ့ထားသည်။ ထို့ပြင် ရာဇဓာတုကလျာ မင်းသမီးလေး၏ အလှသည် လျော်သစ်ထားသော ရွှေကဲ့သို့ ဝင်းဝါသောအသားအရေ၊ အပြစ်တင်စရာမရှိအောင် လှပသော အလှတို့ကြောင့် နတ်ပြည်မှ နတ်သက်ကြွေသော နတ်သမီးလေလား ထင်မှားမိပုံကို-

“စံခိုင်းလျော်သစ်၊ ရွှေနှယ်နစ်မှျ၊ တင်ပြစ်မစက်၊ လဲ့လဲ့ညက်ကို၊ ထက်နတ်ဘုံနေ၊ ခုသာ ကြွေသို့၊ တင့်နေရှုမြော်၊ အကျော်ပျံ့မွှန်း၊ ဝင်းငြိမ့်ရွှန်းကို၊ တောင်နန်းလေလော၊ နတ်ပေ လော”( ယင်း၊ ၇၇)

ဟူ၍ ရေးဖွဲ့ထားသည်။နတ်ရှင်နောင်သည် မယ်၏အလှကိုဖွဲ့ရာတွင် မိန်းမတို့၏ကောင်းခြင်းငါးဖြာမှ အသားအရေ၏ကောင်းခြင်းကို အလေးပေးရေးဖွဲ့ထားသည်။ ခိုင်းနှိုင်းဖွဲ့ဆိုရာတွင် နတ်သမီး၊ ကြာနတ် သမီးတို့နှင့် ခိုင်းနှိုင်းဖွဲ့ဆိုထားသည်။ ချစ်သူသည်သာ အလှဆုံးဖြစ်ကြောင်းကို ကြယ်၊ လတို့နှင့်တင်စား ရေးဖွဲ့သည်။ အလှကိုရေးဖွဲ့ရာတွင် ထိမိလှပသော စကားလုံးများဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ နတ်ရှင်နောင်၏ ရတုများတွင် အခြားသော ရတုစာဆိုများကဲ့သို့ ဘုရားတိုင်၊ သိကြားတိုင်၊ မိုးတော၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ စစ်ချီရတုများသာမက ထူးခြားသော အကြောင်းအရာဖြစ်သည့် ကူလီသဘင်ဘွဲ့၊ ထိုးကွင်းဘွဲ့များကိုလည်း ရေးဖွဲ့ခဲ့သည်ကိုတွေ့ရသည်။

**ရှင်သံခို၏ ရတုများ**

ရှင်သံခိုသည် တောင်ငူခေတ် ရတုစာဆိုတို့တွင် အတော်အတန် နောက်ကျသော်လည်း အဖွဲ့အနွဲ့များတွင် ခမ်းခမ်းနားနား ရေးဖွဲ့နိုင်သည်ကိုတွေ့ရသည်။ ဆရာဖြစ်သူနတ်ရှင်နောင်၊ ဦးရီးမင်းဇေယျာရန္တမိတ်၊ အဘိုးလျှော်ကားသုံးထောင်မှူးတို့၏ ဥာဏ်ရည်အာဘော်များကို တစ်သဝေမတိမ်းမီအောင် လိုက်နိုင်သူဖြစ်သည်။ ရှင်သံခို၏ရတုများမှာ နဝဒေး၊ နတ်ရှင်နောင်တို့၏ ရတုများလောက်များစွာမတွေ့ရသော်လည်း တွေ့ရသမျှ ရတုတို့သည်ကား ပထမတန်းစားထားသင့်သော ရတုများဖြစ်သည်။ ရှင်သံခိုသည် ကျေးစေရတုများကိုဖွဲ့ဆိုရာတွင် နတ်ရှင်နောင်၏အာဘော်နှင့် မတိမ်းမယိမ်းလိုက်သည်ကို တွေ့ရသည်။ ကျေးကလေးကိုခေါ်သော အာလုပ်တွင်-

> "စေထိုက်တင့်သည်၊ မြပွင့်ရောင်ခြည်၊ ဆယ့်နှစ်မည်တည့်၊ မည်သည်ခြယ်သန်း၊ မပြောက်စွန်းသား၊ မိန္ဓန်းဘုန်းခေါင်၊ နေမှတ်တောင်၌၊ စက်မြောင်ရစ်သန်း၊ သိုက်ရွှေနန်းဝယ်၊ ရံဝန်းညွတ်ခ၊ စံကြိုက်ရသည်၊ နန်းလျှာ့ကျွန်ယုံ၊ ကျေးမြင့်" (ရှင်သံခို၊ ၁၉၆၇၊ ၄၁)

ဟူ၍ ကျေးကလေး၏ ဂုဏ်ကိုပေါ်လွင်အောင်၊ ခမ်းနားယဉ်ကျေးအောင် ဖွဲ့ဆိုထားသည်။ "နန်းလျှာ့ကျွန်ယုံ၊ကျေးမြင့်" ဟူသောအာလုပ်ဖြင့် အိမ်ရှေ့မင်း၏ ယုံကြည်စိတ်ချရသော ကျေးသားလေး၏ဂုဏ်ကိုပေါ်လွင်စေပါသည်။

'ကျည်းကဆက်သည်'ချီ ကျေးစေမယ်ဘွဲ့ရတုတွင်လည်း ကျေးလေး၏အသွင်ကို သရုပ်ဖော်ရာတွင်-

> "ကျည်းကဆက်သည်၊ ကိုးမျက်လျှံဝါ၊ ကြည်ဖွယ်သာတည့်၊ သန္တာနှုတ်ကွေး၊ သက်တင်ရေးနှင့်၊ လည်သွေးမြီးသန်း၊ သန်လျင်ကျွန်းဝယ်၊ ဖန်ဆင်းနတ်သ၊ ယခုရသည်" (ရှင်သံခို၊ ၁၉၆၇၊ ၄၂)

ဟူ၍ကျေးကလေး၏ ကိုယ်မှာ ကျောက်မျက်ရတနာကိုးပါး စီခြယ်ထားသကဲ့သို့ဖြစ်ကြောင်း၊ နှုတ်သီးလေးမှာလည်း သန္တာရောင် ရဲရဲနီနေကြောင်း၊ နတ်တို့ ဖန်ဆင်းဆက်သသော ကျေးလေး ဖြစ်ကြောင်း ကျေးလေး၏ ဂုဏ်ရည်ကို ရေးဖွဲ့ သရုပ်ဖော်ထားသည်။

ရှင်သံခိုသည် ဘုရားတိုင်ရတုများ ရေးဖွဲ့ရာတွင် နတ်ရှင်နောင်၏ အာဘော်ကို လိုက်ဟန် မတူ။ နဝဒေးကြီး၏ အာဘော်ကိုသာ လိုက်ဟန်တူသည်။ ထို့ပြင်ဘုရားတိုင်ရတုများတွင် နဝဒေးကြီး ကဲ့သို့ပင် ဘုရားဘွဲ့များတွင် ဘုရားသမိုင်း အကျဉ်းချုပ်ကိုထည့်ကာ ရေးဖွဲ့သည်ကို တွေ့ရသည်။ 'ပုဂံရွှေစည်းခုံဘုရားတိုင်' ရတုတွင်-

> "ပြင်ထိပ်ကျွန်းထက်၊ ဦးစွန်းသနင်း၊ မင်းလည်းနှစ်ဆက်၊ ကိုးမည်မျက်တည့်၊ စီလျက်သင့်ရန်၊ တင့်ကြောင်းဖန်၍၊ စိတ်သန်ကြည်စွာ၊ ဌာပနာက၊ အံ့ရာလည်းဖြစ်၊ လူတစ်ရစ်ကို၊ အသစ်နှစ်ဆင့်၊ ညဥ့်နတ်မြှင့်၍"(ယင်း၊ ၃၉)

ဟူ၍ ရွှေစည်းခုံဘုရားသမိုင်းကို ရေးဖွဲ့ထားသည်ကိုတွေ့ရသည်။ မယ်ဘွဲ့၊ မောင်ဘွဲ့ ရတုများ တွင်ကား ရှင်သံခိုသည် နတ်ရှင်နောင်၏ နည်းပညာကိုရလိုက်ဟန်တူသည်။ ဖွဲ့ဆိုရာတွင်လည်း ကျစ်ကျစ် လျစ်လျစ် သိပ်သိပ်သည်းသည်းရှိသည်။ သို့သော်ရှင်သံခိုသည် နတ်ရှင်နောင်ကဲ့သို့ မေတ္တာဘက်သို့ အားမသန်ဘဲ အလွမ်းဘက်သို့ အားသန်သည်ကို တွေ့ရသည်။

'သာလွတ်ထွတ်တင်' ချီ သစ္စာတိုင်မယ်ဘွဲ့ရတုတွင် အနောက်ဘက်လွန်မင်းတရား၏ မိဖုရားနှင့် နတ်ရှင်နောင်တို့သည် ငယ်စဉ်ကတည်းက ရည်ငံချစ်ခင်လျက်ရှိကြလေဟန် စောင်းပါးရိပ်ခြည် အဓိပ္ပာယ်မျိုး ပါဝင်အောင်-

"ပြာထွတ်မွတ်စင်၊ နောင်သာကြင်သား၊ ကေရှင်မြခက်၊ ဖြာစရွက်လည်း၊ နားထက် မခွေ၊ စုလည်းပြေနှင့်၊ တင့်နေကျစ်လစ်၊ ဆယ်ကျော်နှစ်က၊ ကျွမ်းချစ်ရအောင်၊ ကြိုးသည့် နောင်မူ၊ ခေါ်ယောင်ခေါ်မှား၊ ကိုယ်ကားတည်မှာ၊ မေတ္တာအသက်၊ ပုံလျက်ဝေမှိုင်း၊ အဆိုင်းဆိုင်းတည့်" (ရှင်သံခို၊ ၁၉၆၇၊ ၄၇)

ဟူ၍ စပ်ဆိုလိုက်ရာ 'နောင်သာကြင်သား' 'ကြိုးသည့်နောင်မူ' စသောစကားဖြင့် နတ်ရှင်နောင်၏ အမည်ကို အဖျားစွတ်ခေါ်ဝေါ် ရေးသားလိုက်သည်ကို အနောက်ဘက်လွန်မင်း ရိပ်မိပြီးလျှင် ရာဇမာန် တော်ရှ၍ ရှင်သံခိုအား ကွပ်မျက်မည်ပြုရာ ပြည်ထောင်ငယ် လျှောက်ထားမှ အသက်ဘေးချမ်းသာရာ ရလေသည်။ ရှင်သံခိုသည် ရာသီဘွဲ့များ ရေးဖွဲ့ရာတွင်လည်း နွေ၊ မိုး၊ ဆောင်း ရာသီသုံးပါးလုံးကို ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ နွေရာသီ၏ ရာသီသဘာဝကို ရေးဖွဲ့ရာတွင်-

"ဂိမှာသနစ်၊ ကာလဖြစ်က၊ မှိုင်းရစ်ဝေဝေ၊ မင်းလွင်ခြွေ၍၊ တောင်လေပြင်းထန်၊ ငါးကြင်းဆန်က၊ ချစ်ရန်ဖော်နှင့်၊ ပင်နန်းမြင့်ထက်၊ ကျူးရင့်သာမော၊ မြည်လှစော သည်၊ ဥဩနွဲ့ပြန်ခဲ့ပြီသောဝ်"(ယင်း၊ ၄၆)

ဟူ၍ရေးဖွဲ့ထားသည်။နွေရာသီကာလတွင် မင်းလွင်မြူခိုးများ မှိုင်းဝေနေပြီး တောင်လေများ တိုက်ခတ် နေပုံ၊ ပင်ယံထက်တွင် ဥဩငှက်တို့ ကျူးရင့်နေပုံ၊ မြစ်ယံတွင်လည်း ငါးကြင်းများဆန်တက်နေပုံ နွေသရုပ်ကို ပေါ်လွင်အောင် ရေးဖွဲ့သရုပ်ဖော်ထားသည်။ မယ်ဘွဲ့များ ရေးဖွဲ့ရာတွင်လည်း အခြားရတု စာဆိုများနည်းတူ အလှကိုပေါ်လွင်အောင် ရေးဖွဲ့နိုင်စွမ်းရှိသည်ကိုတွေ့ရသည်။ မိန်းကလေး၏ အလှကို ဖွဲ့ရာတွင်-

"ရန်လင်းကြည်ဖြူ၊ ပြစ်မျိုးဟူကား၊ ဆံမြုခြည်သန်း၊ ငယ်မှန်းသက်လှယ်၊ ဆွေသည် မယ်မူ(ယင်း၊ ၄၆)

ဟူ၍အပြစ်ဟူက ဆံခြည်တစ်မျှင်၊ မြူတစ်မှုန်မျှပြောစရာ မရှိလောက်အောင် လှပသူဖြစ်ကြောင်း ရေးဖွဲ့ထားသည်။ ထို့ပြင်-

"လှများမင်း"(ယင်း၊ ၃၇)

"ချစ်သက်စုနှင်း" (ယင်း၊ ၄၀)

"လှမြတေ" (ယင်း၊ ၄၁)

ဟူသောသမာသ်ပုဒ်များဖြင့် အလှကိုပေါ်လွင်အောင် ရေးဖွဲ့ထားသည်ကိုတွေ့ရသည်။ အမျိုးသမီးတို့၏ ကောင်းခြင်းငါးဖြာအလှတွင် အသားအရေ၏ကောင်းခြင်းကို အဓိကထားရ၍ဖွဲ့ကြောင်းကို-

"မနော်နတ်ထက်၊ မွတ်မွတ်ညက်"(ယင်း၊ ၄၂)

"ရှင်နှောင်းညက်ပြာ၊ မယ့်မျက်နှာ"( ရှင်သံခို၊ ၁၉၆၇၊ ၄၈)

ဟူ၍ ရေးဖွဲ့ထားသည်။ ရှင်သံခိုသည် ဘုရားတိုင်ဘွဲ့၊ဘုန်းတော်ဘွဲ့၊ သစ္စာတိုင် မောင်ဘွဲ့၊သစ္စာတိုင် မယ်ဘွဲ့၊ ကျေးစေရတု ၊ စစ်ချီမယ်ဘွဲ့ရတု စသည်ဖြင့် ရတုအပုဒ်ပေါင်း(၁၁)ပုဒ်ခန့် ရေးသားခဲ့ သည်ကို တွေ့ရသည်။အနောက်ဘက်လွန်မင်းအတွက် ဘုန်းတော်ဘွဲ့ရတုများ ရေးသားဆက်သွင်း ခဲ့သောကြောင့် ဆုလာဘ်များချီးမြှင့်ခြင်းခံရသည်။ ရှင်သံခို၏ရတုများသည် နဝဒေး၊ နတ်ရှင်နောင်တို့လောက် ရတုအပုဒ်ရေ မများသော်လည်း ရတုအရေးအဖွဲ့စွမ်းရည် ကောင်းမွန်သော ရတုများဖြစ်ကြောင်း တွေ့ရသည်။

## သုံးသပ်ချက်

တောင်ငူခေတ်သည် ရတုခေတ်ဟု ခေါ်ဆိုရလောက်အောင် ရတုအများအပြား ပေါ်ထွန်းခဲ့သည်။ ရတုစာဆိုများတွင်လည်း နဝဒေးကြီး ၊ နတ်ရှင်နောင်၊ ရှင်သံခို တို့၏ ရတုများကား စံပြုထိုက်သော ရတုများဖြစ်သည်။ ဘုရားတိုင်၊ သစ္စာတိုင်၊ မိုးတော၊ တောလား၊ ရေလား၊ မောင်ဘွဲ့၊ မယ်ဘွဲ့ ၊ စစ်ချီရတု စသည်ဖြင့် အမျိုးအစားစုံလင်လှသည်။ နဝဒေးကြီးသည် ရတုအပုဒ်ပေါင်း သုံးရာကျော် ရေးသားခဲ့သည်။ နဝဒေးကြီး၏ ဘုရားတိုင်ရတုများတွင် ဘုရားတည်နေရာ၊ ဘုရားဒါယကာ၊ ဘုရား၏ဘွဲ့အမည် စသည်ဖြင့် ပြည့်စုံစွာရေးဖွဲ့သည်ကိုတွေ့ရသည်။ ထို့ပြင်မယ်ဘွဲ့များ ရေးဖွဲ့ရာတွင်လည်း မိန်းကလေးတို့၏ အလှကိုပေါ်လွင်အောင် စကားပရိယာယ်အမျိုးမျိုးသုံးကာ ရေးဖွဲ့သည်ကိုတွေ့ရသည်။ ရာသီဘွဲ့များ ရေးဖွဲ့ရာတွင်လည်း ရာသီသဘာဝကို ပေါ်လွင်အောင် ရေးဖွဲ့နိုင်စွမ်းရှိသည်ကို တွေ့ရသည်။ တောင်ငူခေတ်၏ ရတုတံခွန်စိုက်စာဆို နတ်ရှင်နောင်ကား နဝဒေးကြီးလောက် ရတုပုဒ်ရေ မများသော်လည်း အကြံတူလျှင် နောက်လူကောင်းစမြဲဆိုသည့်အတိုင်း ပို၍ကောင်းမွန်အောင် ရေးဖွဲ့နိုင်သည်ကိုတွေ့ရသည်။ နတ်ရှင်နောင်သည် မယ်ဘွဲ့ရတုများတွင် ချစ်သူရာဇဒေဝီကလျာ အပေါ်ချစ်သည့် ရင်တွင်း ခံစားချက်များဖြင့် ရေးဖွဲ့ထားသောကြောင့် အကောင်းဆုံးရတုများဟု သတ်မှတ်ရလောက်အောင် အရည်အသွေးကောင်းမွန်လှသည်။ သူ၏ရတုများတွင် အခြားစာဆိုများ မဖွဲ့သောထူးခြားသော အကြောင်းအရာဖြစ်သည့် ကုလီသဘင်ဘွဲ့၊ ထိုးကွင်းဘွဲ့များ ရေးဖွဲ့ခြင်းကိုတွေ့ရသည်။ ရှင်သံခိုသည်လည်း နဝဒေးကြီး၊ နတ်ရှင်နောင်တို့လောက် ရတုအပုဒ်ရေ မများသော်လည်း သူ၏ရတုများမှာ စကားလုံးသုံးနှုန်းပုံကောင်းမွန်မှု၊ အရေးအဖွဲ့ကောင်းမွန်မှုတို့ကို တွေ့ရသည်။ ရာသီသဘာဝဘွဲ့များ ရေးဖွဲ့ရာတွင်လည်း ရာသီအလိုက်ပွင့်သောပန်း၊ တောတောင် ရေမြေသဘာဝ၊ ကောင်းကင်၌ရှိသော တိမ်တို့၏အလှ၊ မြစ်ယံအလှ စသည်ဖြင့် အသေးစိတ် သရုပ်ဖော်ရေးဖွဲ့သည်ကို တွေ့ရသည်။ မယ်ဘွဲ့များ ရေးဖွဲ့ရာတွင်လည်း ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသောအလှကို စကား အသုံးအနှုန်းများဖြင့် ပေါ်လွင်အောင် ရေးဖွဲ့နိုင်သည်ကိုတွေ့ရသည်။ ထို့ကြောင့်တောင်ငူခေတ်သည် ရတုခေတ်ဟု ခေါ်ဆိုရလောက်အောင် ရတုစာဆိုများစွာ ပေါ်ထွန်းရုံသာမက ပထမတန်းစားဟု သတ်မှတ်ခံရလောက်သည့် ရတုလက်ရာကောင်းများ များစွာပေါ်ထွန်းခဲ့ပါသည်။

## နိဂုံး

မြန်မာစာပေသမိုင်းတွင် တောင်ငူခေတ်သည် ရတုခေတ်ဟု ခေါ်ဆိုရလောက်အောင် ရတုအများအပြား ပေါ်ထွန်းခဲ့သည်။ ရတုစာပေသည် ပင်းယခေတ်မှ စတင်ပေါ်ထွန်းခဲ့ပြီး အင်းဝခေတ်တွင် ဆက်လက်ရှင်သန်ကာ တောင်ငူခေတ်တွင် အထွန်းကားဆုံးဟု ဆိုနိုင်ပေသည်။ ရေးဖွဲ့ရာတွင်လည်း အကြောင်းအရာစုံလင်လာသကဲ့သို့ ရေးဖွဲ့သည့်ပုံသဏ္ဍာန်မှာလည်း ဆန်းသစ်လာသည်။ တစ်ဦးနှင့်တစ်ဦး အားသာချက် အားနည်းချက်များရှိသော်လည်း အရေးအဖွဲ့စွမ်းရည် ကောင်းမွန်မှု၊ စိတ်ကူးစိတ်သန်း ကောင်းမွန်မှုတို့ကြောင့် နှောင်းလူတို့ နည်းယူစံထားရသောရတု လက်ရာကောင်းများ များစွာ ပေါ်ထွန်းခဲ့ပါသည်။ တောင်ငူခေတ်ရတုစာဆိုများသည် တောင်ငူခေတ်ကို ရတုခေတ်ဟုခေါ်ဆိုရ လောက်အောင် ရတုကဗျာအခန်းကဏ္ဍကို ထွန်းတောက်စေခဲ့သော စာဆိုကြီးများ ဖြစ်ကြပါသည်။

## ကျမ်းကိုးစာရင်း


ချမ်းမြ၊ **ဦး**။ (၁၉၈၅) ။ ***နတ်ရှင်နောင်ဘဝနှင့်ပတ်ဝန်းကျင်*** ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

***နဝဒေးရတုပေါင်းချုပ်*** ။ (၁၉၆၄) ။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

***နတ်ရှင်နောင်ရတုပေါင်းချုပ်*** ။ ( ၁၉၆၆) ။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ဖေမောင်တင်၊ **ဦး** ၊ (၂၀၀၃) ။ ***မြန်မာစာပေသမိုင်း*** ။ ရန်ကုန် ၊ စံပယ်ဦးပုံနှိပ်တိုက်။

***မင်းဗေယျာရန္တမိတ်ဆိုရတုနှင့် ရှင်သံခိုဆိုရတု*** ။ (၁၉၆၇) ။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

သုတ၊ **မောင်၊** (၂၀၀၂) ။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ*** ။ ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်။